

# နယူးယောခ်မြို့ ဂီတ ညနေခင်း

ရိုတာအောင်(NY)

ကျွန်မတို့ နယူးယောခ်က မြန်မာတွေ အနည်းဆုံး ၂ နှစ်မှာ တစ်ခါလောက် မြန်မာအဆိုတော်တွေ သီဆိုဖျော်ဖြေတဲ့ ဂီတစင်မြင့်ပွဲတွေ ကြည့်ရှုနားဆင်ခွင့်ရကြသည်။ ဂီတကို အမှန်တကယ်လည်း ဝါသနာပါပြီး၊ စိတ်ရှုပ် အပင်ပန်းလည်းခံနိုင်လွန်းတဲ့ ဒေါ်မေသီခ မိသားစု၊ ဒေါက်တာဇံမရမိသားစုတို့ ကြိုးစားမှုကြောင့် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ညနေခင်းမှာ ကျွန်မတို့ ပွဲကြည့်ခွင့်ရကြပြန်ပါပြီ။ နယူးယောခ်မြို့ကို မခိုင် လာလိမ့်မယ်ဆိုပြီး သတင်းစပေးသူက စင်ကာပူမှ မကြေး ဖြစ်သည်။ ကျွန်မတို့ Face Book မှာ ရင်းနှီးခင်မင်ကာ စကားပြောဖြစ်ခြင်းပင်။ ဇူလိုင်လဆန်းလောက်မှာ



ပွဲလာသူတွေက
ငယ်ငယ်
ရွယ်ရွယ်လေးတွေချည်း
မဟုတ်ပေ
သားတွေ
သမီးတွေ
မြေးတွေက
အဖေ အမေတွေ
အဘိုး
အဘွားတွေကိုပါ
ခေါ်လာတဲ့
မိသားစုတွေ
ရှိသည်




နယူးရှေခ်မှာ ထွန်းအိန္ဒြာဗို၊ ယုဇနနှင့် စိုးသူတို့ ဂီတဖျော်ဖြေပွဲရှိတယ်လည်း ကြားရော ကျွန်မတို့ ပွဲငတ်နေသူတွေ ဝမ်းသာမိကြသည်။ ဒါပေမယ့် ဇူလိုင်လ ၁၀ ရက်မှ ၁၈ ရက်အထိ Switzerland ခရီးသွားဖို့ စီစဉ်ထားတဲ့ ကျွန်မက ပွဲကျင်းပမယ့်ရက် ကျွန်မ နယူးရှေခ်မှာ မရှိနိုင်မှာ စိတ်ပူမိသည်။ ၂၅ ရက် သေချာပြီဆိုမှ မမေသီဆီ လက်မှတ် ၃ စောင် ဖုန်းဆက်၍ မှာထားပြီး ခရီးထွက်သွားခဲ့သည်။

၁၈ ရက်နေ့ NY ပြန်ရောက်ပြီး တာတောင် မမေသီဆီက ဂီတပွဲ လက်မှတ်ရောက်မလာပေ။ ၂၂ ရက်နေ့၊ ညဘက် ၉ နာရီခွဲလောက်မှာမှ မမေသီက ကျွန်မအိမ်ကို ဖုန်းဆက်လာသည်။ ဖြစ်ပုံကတော့ 'ဝါဝါရေ။ သမီးကတော့ မမေသီ မေ့နေပြီထင်မှာပဲ။ ဒါပေမယ့် မမရုံးကအပြန် မြေအောက်ရထားထဲ အဆင်းလှေကားထစ်တွေပေါ်က ချော်ကျလို့၊ ပွဲအတွက်အလုပ်တွေလည်းများ၊ စိတ်ကလည်း ခပ်မြန်မြန်၊ လှေကားမှာ ဆင်းနေတုန်း ဘူတာထဲရထားဝင် လာလို့ ခပ်သုတ်သုတ် ပြေးဆင်းမိတာ။ နာလွန်းလို့ ကိုယ်ခြေဖမိုးဖြင့် ၃၊ ၄ ပိုင်းလောက် ကျိုးကြေကုန်ပြီ ထင်မိတယ်။ အဲဒါ ဆရာဝန်ပြ၊ ဓာတ်မှန်ရိုက်တော့ ထိတော့ ထိတယ်။ ဒါပေမယ့် အခြေအနေကတော့ မဆိုးတော့ဘူး။ ထော့နင်းထော့နင်းပဲ လမ်းလျှောက်နေရတယ်။ ရုံးတောင်မသွားနိုင်ဘူး ဝါဝါရယ်။ ဒါကြောင့် လက်မှတ် မပို့ဖြစ်တာ'ဟု ရှင်းပြသည်။

ကျွန်မက 'ဒါဆို လက်မှတ်ကို စာတိုက်က မပို့နဲ့တော့။ ပွဲနေ့ကျမှ သမီး Ticket Booth မှာ ထုတ်လိုက်မယ်။ အရေးကြီးတာက ဦးဝင်းငြိမ်းက စိုးသူနဲ့ အင်တာဗျူးလေး လုပ်ခိုင်းထားတယ်။ Stage Pass လေးတစ်ခု သမီးဖို့ လုပ်ပေးထားပါ'ဟု ပြောလိုက်ပါသည်။ ကျွန်မက ၄င်းပွဲစဉ်အကြောင်း Face Book မှာ တင်ထားပေးတော့ ကမ္ဘာအရပ်ရပ်က မြန်မာပရိသတ်တွေ အားလုံး စိတ်ဝင်တစားဖြစ်နေကြတာ တွေ့ရသည်။ တချို့လည်း ခရီးအဝေးကြီးကနေ ပွဲလာကြည့်ဖို့ စီစဉ်နေကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုထဲကသာမက Canada လို တခြားနိုင်ငံကတောင် ပွဲလာကြည့်ဖို့ စိတ်အားထက်သန်နေကြသည်။







ဇူလိုင်လ ၂၅ ရက်နေ့က စနေနေ့ ဖြစ်သည်။ မနက်အိပ်ရာထကတည်းက မြန်မာမဂ္ဂဇင်းတွေအတွက် စာမူတွေ ကျိုးရေးနေတဲ့ ကျွန်မ ညနေ ၅ နာရီမှ စားပွဲမှ ထကာ ရေမိုးချိုး၊ အဝတ်လဲကာ ပွဲရှိရာသို့ ထွက်ခဲ့သည်။ ကျွန်မ မိဘနှစ်ပါးနှင့် ကျွန်မပဲ သွားဖြစ်တာပါ။ ပွဲကျင်းပတဲ့ La Guardia College က ကျွန်မတို့အိမ်နှင့် ကားဖြင့်သွားလျှင် ၁၅ မိနစ်ခန့်သာဝေးသည်။ ကား Parking ကတော့ ရှာရအတော်ခက်ခဲသည်။ ကျွန်မ တက်ခဲ့ဖူးသော ကျောင်းလည်းဖြစ်တာမို့ ဘယ်နေရာ၊ ဘာဆိုတာ ကျွန်မက ကျွမ်းကျင်ပြီးသားလည်း ဖြစ်သည်။

ဝင်ပေါက်မှာ မြန်မာတွေ တစ်စုတစ်ရုံးကြီး တွေ့ရသည်။ တချို့လည်း ကိုယ်နှင့်တွေ့ဖူး၊ ဆုံဖူးသူတွေ ဖြစ်သလို၊ တချို့ကတော့ ဒီ NY ရောက်လာတာ မကြာသေးတဲ့ မျက်နှာသစ်တွေဖြစ်သည်။ မြန်မာပြည်က ပွဲတွေလို ပွဲလာသူတွေက ငယ်ငယ်ရွယ်ရွယ်လေးတွေချည်း မဟုတ်ပေ။ သားတွေ၊ သမီးတွေ၊ မြေးတွေက အဖေ၊ အမေတွေ၊ အဘိုး၊ အဘွားတွေကိုပါ ခေါ်လာတဲ့ မိသားစုတွေရှိသည်။ ကျွန်မအတွက် လက်မှတ်ကို Ticket Booth မှာ မချောစု (စာရေးဆရာ မောင်ဇူးစမ်း၏သမီး)က ထုတ်ပေးသည်။ လက်မှတ်နှင့် Pass ရပြီး ကျွန်မက စင်နောက်အလှပြင်ခန်းထဲဝင်ခဲ့သည်။

ဝင်သွားသွားချင်း ကိုစိုးသူနှင့် တွေ့သည်။ ကျွန်မတို့ NY မှာ မင်္ဂလာသတို့သမီး၊ သတို့သားတွေ အားကိုးကြရတဲ့ မိတ်ကပ်ပညာရှင်၊ Hair Stylist ကိုချိုက၊ ကိုစိုးသူကို ဆံပင်ညှပ်ပေးနေလျက်သား တွေ့ရသည်။ ကိုချိုက အခမ်းအနားတွေမှာ ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ဆံပင်မိတ်ကပ်မှအစ ပန်းအလှပြုပြင်မှုအဆုံး တာဝန်ယူပေးနိုင်၍ မြန်မာ

မင်္ဂလာပွဲတိုင်း၏ အားကိုးရာ လက်စွဲတော် ဖြစ်နေပါပြီ။ ပွဲစတင်မယ့် အချိန်က ၆ နာရီခွဲ။ ကျွန်မ ကိုစိုးသူနှင့် တွေ့တော့ ၆ နာရီ ၁၅ မိနစ်လောက် ဖြစ်နေပြီမို့ 'ကျွန်မ မေးချင်တဲ့ မေးခွန်းလေးတွေ အခုပဲ မေးပါရစေ'ဟု ခွင့်တောင်းရပါသည်။ ကိုစိုးသူက ပွဲစဉ်မှာ မခိုင်က နောက်ဆုံး အစီအစဉ်ဆိုနေတုန်းကျမှ မေးပါလားဟု အကြံပေးပါသည်။

ကိုယ့် NY က ပွဲတွေအကြောင်း ကိုယ်သာ ပိုသိသည်။ ပွဲပြီးခါနီးရင် အဆိုတော်တွေနှင့် ဓာတ်ပုံ တွဲရိုက်မည့် ပရိသတ်၊ ပွဲပြီးပါပြီဆိုပေမယ့် နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်နှင့် တောင်းဆိုကြဦးမည့်အရေးတွေကြိုစဉ်းစားမိတာမို့ 'ကိုစိုးသူရေ၊ ဂျီး(ကြေး)များတယ်လို့ မထင်ပါနဲ့၊ အခုပဲ မေးချင်ပါတယ်' ဟု တောင်းဆိုကာ မေးရတော့သည်။ ကိုစိုးသူခမျာ ကိုချို ဆံပင်ညှပ်ပေးတာကို ခံရင်း၊ ကျွန်မ မေးသမျှ ဖြေပေးခဲ့သည်။

**ကိုစိုးသူကို အနုပညာ လှုပ်ရှားမှုတွေမှာ မတွေ့ရတာ အတော်ကြာပြီနော်။**

ဟုတ်ကဲ့။

**ကိုစိုးသူ အခု ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ။**

ကျွန်တော် ၂၀၀၁ က ရောက်တာပါ။

**ဒီမှာ အနုပညာလှုပ်ရှားမှုအနေနဲ့ ဘာတွေ လုပ်ဖြစ်သေးသလဲ။**

အမြဲလို မဟုတ်ပေမယ့် တစ်ခါတလေ အဲ… သီချင်းပေါ့လေ။ အဓိက က ဆိုဖြစ်ပါတယ်။

**ဒါပေမယ့် ကိုစိုးသူ ဘဝမှာ အတော်ငယ်ငယ်ကတည်းက သီချင်းဆို၊ ရုပ်ရှင်ရိုက်နဲ့ အနုပညာ အလုပ်တွေ ဆက်တိုက်လုပ်လာခဲ့တာ။ အခု အဲဒါတွေ မလွမ်းဘူးလား။**

အရမ်းလွမ်းတာပေါ့ဗျာ။ တစ်သက်လုံး မေ့မှာမဟုတ်တော့ဘူး။

***အောင်မြင်သောနေ့* ရုပ်ရှင်နဲ့ ကိုစိုးသူတကယ့်ကို အောင်မြင်ခဲ့တယ်။ မှတ်တိုင်တစ်ခုလည်း စိုက်ထူနိုင်ခဲ့တယ်။ နောက်ထပ် စိုက်ထူနိုင်ဖို့ မကြိုးစားချင်တော့ဘူးလား။**

အဲဒါက မနေ့ကပဲ ကျွန်တော် မိခိုင်နဲ့ စာနယ်ဇင်းအတွက် စကားပြောကြရင်းနဲ့ ဆွေးနွေးကြရင်း ပြောဖြစ်ကြပါသေးတယ်။ ဟိုး ရုပ်ရှင်စရိုက်ခါစ ကျွန်တော် ငယ်ငယ်ကျောင်းသားဘဝ အရွယ်ကတည်းက အမြဲတမ်းတစ်သက်လုံးပြောခဲ့တဲ့ စကားတစ်ခွန်းရှိပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် ဆေးကုရင်းနဲ့ အနုပညာအလုပ်တွေ လုပ်ချင်တယ် ဆိုတာ။ အဲဒီအချက်က တစ်သက်လုံး အမြဲတမ်းရှိနေမှာ။ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။ အခုလည်း ဒီမှာ ရည်မှန်းချက်အတွက် ကြိုးစားနေရင်းနဲ့ပဲ ပရိသတ်ကြီးနဲ့ရော၊ ကျွန်တော် ချစ်တဲ့ အနုပညာတွေနဲ့ရော၊ ခေတ္တရုပ်ရှင် အသိုက်အဝန်းနဲ့ရော၊ စာနယ်ဇင်းက ဆရာသမားတွေနဲ့ကော အားလုံးနဲ့ အခွင့်အရေးရရင် နွေးနွေးထွေးထွေး ပြန်ဆုံချင်ပါသေးတယ်။

**အခု ကိုစိုးသူ အလုပ်လုပ်နေပြီပေါ့။**

ဟုတ်ကဲ့။ ကျွန်တော် အလုပ်လုပ်နေပါပြီ။

**သားတွေ၊ သမီးတွေကော ဘယ်နှယောက်ရနေပြီလဲ။**

သမီးလေးတစ်ယောက်ပဲ ရှိပါတယ်။



စင်မြင့်ပွဲတွေ
မကြာခဏ
မဆိုဖြစ်ဘဲ
ပရိသတ်နဲ့
အဆက်ပြတ်သလို
ဝေးကွာနေပေမယ့်
ပရိသတ်က သူ့ကို
မမေ့နိုင်သေးဘူးဆိုတာ
ဒီအသံတွေက
ခိုင်မာတဲ့
သက်သေတွေပါပဲ

**နာမည်ဘယ်လို ပေးထားပါသလဲ။**

Angel စိုးသူလွင်လို့ ခေါ်ပါတယ်။ ကျွန်တော့်မေမေက သူ့မြေးကို နာမည်ပေးထားတယ်။ ဆုဝတ်မှုံစိုးတဲ့။

**သြော်၊ Lovely Name နော်။**

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**မြန်မာပြည်က ပရိသတ်အတွက်ကော။ ကိုစိုးသူ အမှတ်တရ စကားလေး တစ်ခုခုလောက် ပြောပါဦး။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ကပဲ စင်ကာပူရောက်နေတဲ့ အဆိုတော် ခင်ရတနာသိန်းက Face Book မှာ ကိုစိုးသူရယ်၊ နေမျိုးဆေးရယ်၊ မချိုနိုင် (ခင်ရတနာသိန်း)ရယ်၊ ငယ်ငယ်က မြန်မာပြကွဒိန် ရိုက်ထားတာလေး တင်ထားတာ တွေ့ရတယ်။ ပရိသတ်တွေက ကိုစိုးသူကို အမှတ်တရ ရှိတုန်း။ စိတ်ဝင်တစား ရှိနေတုန်းပါ။**

သြော်၊ အားလုံးကို အခုလို ကျွန်တော့်ကို သတိတရရှိနေတာအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဝမ်းလည်း အရမ်းသာပါတယ်လို့။ ကျွန်တော်ကလည်း အမြဲတမ်း သတိတရ ရှိနေပါတယ်။ ဘယ်နေရာပဲ ရောက်နေပါစေ၊ ဘယ်လိုအနေအထား အချိန်အခါမှာပဲ ဖြစ်နေပါစေ၊ ကျွန်တော့် ကျေးဇူးရှင်ပရိသတ်ကြီးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ဒါတစ်သက်လုံး အသက်နဲ့ထပ်တူထပ်မျှ၊ အသက်ထက်ဆုံး ရှိနေမှာပါ။ ရင်ထဲက မေတ္တာတရားပါ။ ရင်ထဲက နှစ်နှစ်ခြိုက်ခြိုက်လာတဲ့စကားပါ။ ကျွန်တော် အမြဲသတိ ရနေမှာပါ။





**အခုလို ဖြေပေးတဲ့ ကိုစိုးသူကို အထူးပဲ ကျေးဇူးတင်ပါတယ်။**

မရီတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဦးဝင်းငြိမ်းကနေတစ်ဆင့် စာနယ်ဇင်းမှ ဆရာသမားများအားလုံး၊ အားလုံး၊ အနုပညာရှင် ညီအစ်ကိုမောင်နှမများ၊ ကျွန်တော့်ရဲ့ ထမင်းရှင်ပရိသတ်များအားလုံး၊ ရုပ်ရှင်ဂီတမောင်နှမများကိုလည်း ဒီနေရာကနေ အနူးအညွတ် ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောပါရစေ။

ကိုစိုးသူနဲ့ စကားပြောပြီး မခိုင်နဲ့ မမေသီခရီရာ နောက်တစ်ခန်းထဲ ဝင်သွားတော့ မခိုင်က အနက်ရောင် Dress လေးနှင့် အဆင်သင့်ဖြစ်နေပါပြီ။ သားလေး အောင်မိုကောင်းသန့်အကြောင်း၊ မြန်မာစာနယ်ဇင်း စာမျက်နှာတွေပေါ်မှာ မခိုင်ဖြေတဲ့ အင်တာဗျူးတွေထဲမှာ ကျွန်မ ဘယ်အချက်တွေကို သဘောကျမိကြောင်း ပြောမိပါတယ်။ အမေရိကမှာဆိုဖြစ်တဲ့ ပွဲတွေအကြောင်းမေးတော့ NY ပွဲမတိုင်ခင် ပွဲကြီးတစ်ပွဲ၊ ခြံပွဲအသေးလေး ၅ ခု လောက်ဆိုပြီးပြီဟု ပြောပြပါသည်။ ဩဂုတ်လ ၄ ရက်နေ့မှာ ရန်ကုန်ပြန်မှာ ဖြစ်ပြီး၊ အမေနဲ့ တယ်လီဖုန်းပြောတော့ သားသားက ကိုယ်တိုင်လာကြိုမှာလို့ဆိုကြောင်း ပြန်ပြောပြနေတဲ့ မခိုင်မျက်နှာလေးက သားအကြောင်း ဘယ်လောက် ပြောရ၊ ပြောရ မောရမှန်းမသိတဲ့ ပီတိပြုံးလေးနှင့် ချစ်စဖွယ်ပါ။

ကျွန်မတို့မိသားစုက မခိုင် သီချင်းဆိုတာကော၊ သရုပ်ဆောင်တာကိုပါ အားပေးသဘောကျသည့် ပရိသတ်များ ဖြစ်သည်။ မခိုင်ကော ကိုစိုးသူကိုပါ နှုတ်ဆက်ကာ စင်ရှေ့သို့ ထွက်ခဲ့တော့ ခန်းမထဲမှာ ပရိသတ်တွေ နေရာယူနေ ကြပါပြီ။ မမေသီက ကျွန်မတို့မိသားစုကို ရှေ့ဆုံးတန်းမှာ နေရာရွေးပေးထားတာမို့ ဓာတ်ပုံရိုက်ဖို့ လွယ်ကူပေတော့မည်။ ၇ နာရီ ၁၅ မိနစ်လောက်မှာမှ ပွဲစတင်ပါသည်။ မမေသီက တီးဝိုင်းမှ ဝိုင်းတော်သားတွေနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ဒေါက်တာဇံမရက ဘေ့စ်ဂစ်တာကိုလည်းကောင်း။၊ ကံထူးမရက လီဒ်ဂစ်တာကိုလည်းကောင်း၊ Jimmy Teh က ကီးဘုတ်ကိုလည်းကောင်း၊ Tim Tan က ဒရမ်ကိုလည်းကောင်း၊ စောထူးက ကီးဘုတ်

မင်္ဂလာပွဲတိုင်း၏ အားကိုးရာ လက်စွဲတော် ဖြစ်နေပါပြီ။ ပွဲစတင်မယ့် အချိန်က ၆ နာရီခွဲ။ ကျွန်မ ကိုစိုးသူနှင့် တွေ့တော့ ၆ နာရီ ၁၅ မိနစ်လောက် ဖြစ်နေပြီမို့ 'ကျွန်မ မေးချင်တဲ့ မေးခွန်းလေးတွေ အခုပဲ မေးပါရစေ' ဟု ခွင့်တောင်းရပါသည်။ ကိုစိုးသူက ပွဲစဉ်မှာ မခိုင်က နောက်ဆုံး အစီအစဉ်ဆိုနေတုန်း ကျမှ မေးပါလားဟု အကြံပေးပါသည်။

ကိုယ့် NY က ပွဲတွေအကြောင်း ကိုယ်သာ ပိုသိသည်။ ပွဲပြီးခါနီးရင် အဆိုတော်တွေနှင့် ဓာတ်ပုံ တွဲရိုက်မည့် ပရိသတ်၊ ပွဲပြီးပါပြီဆိုပေမယ့် နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်နှင့် တောင်းဆိုကြဦးမည့်အရေးတွေကြိုစဉ်းစားမိတာမို့ 'ကိုစိုးသူရေ၊ ဂျီး(ကြေး)များတယ်လို့ မထင်ပါနဲ့၊ အခုပဲ မေးချင်ပါတယ်' ဟု တောင်းဆိုကာ မေးရတော့သည်။ ကိုစိုးသူမျာ ကိုချို ဆံပင်ညှပ်ပေးတာကို ခံရင်း၊ ကျွန်မ မေးသမျှ ဖြေပေးခဲ့သည်။

**ကိုစိုးသူကို အနုပညာ လှုပ်ရှားမှုတွေမှာ မတွေ့ရတာ အတော်ကြာပြီနော်။**

ဟုတ်ကဲ့။

**ကိုစိုးသူ အခု ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ။**

ကျွန်တော် ၂၀၀၁ က ရောက်တာပါ။

**ဒီမှာ အနုပညာလှုပ်ရှားမှုအနေနဲ့ ဘာတွေ လုပ်ဖြစ်သေးသလဲ။**

အမြဲလို မဟုတ်ပေမယ့် တစ်ခါတလေ အဲ… သီချင်းပေါ့လေ။ အဓိက က ဆိုဖြစ်ပါတယ်။

**ဒါပေမယ့် ကိုစိုးသူ ဘဝမှာ အတော်ငယ်ငယ်ကတည်းက သီချင်းဆို၊ ရုပ်ရှင်ရိုက်နဲ့ အနုပညာ အလုပ်တွေ ဆက်တိုက်လုပ်လာခဲ့တာ။ အခု အဲဒါတွေ မလွမ်းဘူးလား။**

အရမ်းလွမ်းတာပေါ့ဗျာ။ တစ်သက်လုံး မေ့မှာမဟုတ်တော့ဘူး။

***အောင်မြင်သောနွေ*** **ရုပ်ရှင်နဲ့ ကိုစိုးသူတကယ့်ကို အောင်မြင်ခဲ့တယ်။ မှတ်တိုင်တစ်ခုလည်း စိုက်ထူနိုင်ခဲ့တယ်။ နောက်ထပ် စိုက်ထူနိုင်ဖို့ မကြိုးစားချင်တော့ဘူးလား။**

အဲဒါက မနေ့ကပဲ ကျွန်တော် မိခိုင်နဲ့ စာနယ်ဇင်းအတွက် စကားပြောကြရင်းနဲ့ ဆွေးနွေးကြရင်း ပြောဖြစ်ကြပါသေးတယ်။ ဟိုး ရုပ်ရှင်စရိုက်ခါစ ကျွန်တော် ငယ်ငယ်ကျောင်းသားဘဝ အရွယ်ကတည်းက အမြဲတမ်းတစ်သက်လုံးပြောခဲ့တဲ့ စကားတစ်ခွန်းရှိပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် ဆေးကုရင်းနဲ့ အနုပညာအလုပ်တွေ လုပ်ချင်တယ် ဆိုတာ။ အဲဒီအချက်က တစ်သက်လုံး အမြဲတမ်းရှိနေမှာ။ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။ အခုလည်း ဒီမှာ ရည်မှန်းချက်အတွက် ကြိုးစားနေရင်းနဲ့ပဲ ပရိသတ်ကြီးနဲ့ရော၊ ကျွန်တော် ချစ်တဲ့ အနုပညာတွေနဲ့ရော၊ ခေတ္တရုပ်ရှင် အသိုက်အဝန်းနဲ့ရော၊ စာနယ်ဇင်းက ဆရာသမားတွေနဲ့ကော အားလုံးနဲ့ အခွင့်အရေးရရင် နွေးနွေးထွေးထွေး ပြန်ဆုံချင်ပါသေးတယ်။

**အခု ကိုစိုးသူ အလုပ်လုပ်နေပြီပေါ့။**

ဟုတ်ကဲ့။ ကျွန်တော် အလုပ်လုပ်နေပါပြီ။

**သားတွေ၊ သမီးတွေကော ဘယ်နှယောက်ရနေပြီလဲ။**

သမီးလေးတစ်ယောက်ပဲ ရှိပါတယ်။






**နာမည်ဘယ်လို ပေးထားပါသလဲ။**

Angel စိုးသူလွင်လို့ ခေါ်ပါတယ်။ ကျွန်တော့်မေမေက သူ့မြေးကို နာမည်ပေးထားတယ်။ ဆုဝတ်မှုံစိုးတဲ့။

**ဪ၊ Lovely Name နော်။**

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**မြန်မာပြည်က ပရိသတ်အတွက်ကော။ ကိုစိုးသူ အမှတ်တရ စကားလေး တစ်ခုခုလောက် ပြောပါဦး။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ကပဲ စင်ကာပူရောက်နေတဲ့ အဆိုတော် ခင်ရတနာသိန်းက Face Book မှာ ကိုစိုးသူရယ်၊ နေမျိုးဆေးရယ်၊ မချိုနိုင် (ခင်ရတနာသိန်း)ရယ်၊ ငယ်ငယ်က မြန်မာပြကွဒိန် ရိုက်ထားတာလေး တင်ထားတာ တွေ့ရတယ်။ ပရိသတ်တွေက ကိုစိုးသူကို အမှတ်တရ ရှိတုန်း။ စိတ်ဝင်တစား ရှိနေတုန်းပါ။**

ဪ၊ အားလုံးကို အခုလို ကျွန်တော့်ကို သတိတရရှိနေတာအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဝမ်းလည်း အရမ်းသာပါတယ်လို့။ ကျွန်တော်ကလည်း အမြဲတမ်း သတိတရ ရှိနေပါတယ်။ ဘယ်နေရာပဲ ရောက်နေပါစေ၊ ဘယ်လိုအနေအထား အချိန်အခါမှာပဲ ဖြစ်နေပါစေ၊ ကျွန်တော့် ကျေးဇူးရှင်ပရိသတ်ကြီးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ဒါတစ်သက်လုံး အသက်နဲ့ထပ်တူထပ်မျှ၊ အသက်ထက်ဆုံး ရှိနေမှာပါ။ ရင်ထဲက မေတ္တာတရားပါ။ ရင်ထဲက နှစ်နှစ်ခြိုက်ခြိုက်လာတဲ့စကားပါ။ ကျွန်တော် အမြဲသတိ ရနေမှာပါ။





**အခုလို ဖြေပေးတဲ့ ကိုစိုးသူကို အထူးပဲ ကျေးဇူးတင်ပါတယ်။**

မရီတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဦးဝင်းငြိမ်းကနေတစ်ဆင့် စာနယ်ဇင်းမှ ဆရာသမားများအားလုံး၊ အားလုံး၊ အနုပညာရှင် ညီအစ်ကိုမောင်နှမများ၊ ကျွန်တော့်ရဲ့ ထမင်းရှင်ပရိသတ်များအားလုံး၊ ရုပ်ရှင်ဂီတမောင်နှမများကိုလည်း ဒီနေရာကနေ အနူးအညွတ် ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောပါရစေ။

ကိုစိုးသူနဲ့ စကားပြောပြီး မခိုင်နဲ့ မမေသီခရိုရာ နောက်တစ်ခန်းထဲ ဝင်သွားတော့ မခိုင်က အနက်ရောင် Dress လေးနှင့် အဆင်သင့်ဖြစ်နေပါပြီ။ သားလေး အောင်ဗိုကောင်းသန့်အကြောင်း၊ မြန်မာစာနယ်ဇင်း စာမျက်နှာတွေပေါ်မှာ မခိုင်ဖြေတဲ့ အင်တာဗျူးတွေထဲမှာ ကျွန်မ ဘယ်အချက်တွေကို သဘောကျမိကြောင်း ပြောမိပါတယ်။ အမေရိကမှာဆိုဖြစ်တဲ့ ပွဲတွေအကြောင်းမေးတော့ NY ပွဲမတိုင်ခင် ပွဲကြီးတစ်ပွဲ၊ ခြံပွဲအသေးလေး ၅ ခု လောက် ဆိုပြီးပြီဟု ပြောပြပါသည်။ ဩဂုတ်လ ၄ ရက်နေ့မှာ ရန်ကုန်ပြန်မှာ ဖြစ်ပြီး၊ အမေနဲ့ တယ်လီဖုန်းပြောတော့ သားသားက ကိုယ်တိုင်လာကြိုမှာလို့ဆိုကြောင်း ပြန်ပြောပြနေတဲ့ မခိုင်မျက်နှာလေးက သားအကြောင်း ဘယ်လောက် ပြောရ၊ ပြောရ မောရမှန်းမသိတဲ့ ပီတိပြုံးလေးနှင့် ချစ်စဖွယ်ပါ။

ကျွန်မတို့မိသားစုက မခိုင် သီချင်းဆိုတာကော၊ သရုပ်ဆောင်တာကိုပါ အားပေးသဘောကျသည့် ပရိသတ်များ ဖြစ်သည်။ မခိုင်ကော ကိုစိုးသူကိုပါ နှုတ်ဆက်ကာ စင်ရှေ့သို့ ထွက်ခဲ့တော့ ခန်းမထဲမှာ ပရိသတ်တွေ နေရာယူနေ ကြပါပြီ။ မမေသီက ကျွန်မတို့မိသားစုကို ရှေ့ဆုံးတန်းမှာ နေရာရွေးပေးထားတာမို့ ဓာတ်ပုံရိုက်ဖို့ လွယ်ကူပေတော့မည်။ ၇ နာရီ ၁၅ မိနစ်လောက်မှာမှ ပွဲစတင်ပါသည်။ မမေသီက တီးဝိုင်းမှ ဝိုင်းတော်သားတွေနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ဒေါက်တာဇံမရက ဘေ့စ်ဂစ်တာကိုလည်းကောင်း၊၊ ကံထူးမရက လိဒ်ဂစ်တာကိုလည်းကောင်း၊ Jimmy Teh က ကီးဘုတ်ကိုလည်းကောင်း၊ Tim Tan က ဒရမ်ကိုလည်းကောင်း၊ စောထူးက ကီးဘုတ်

နှင့် Percussion ကိုလည်းကောင်း၊ ဇော်နိုင်က ရစ်သမ်ဂစ်တာကိုလည်းကောင်း တာဝန်ယူတီးခတ်ကြပါသည်။ မမေသီက ရပ်ဝေးရပ်နီးက လာကြတဲ့ ပွဲကြည့်ပရိသတ်နှင့် ပွဲလက်မှတ်တွေဝိုင်းရောင်းပေးကြတဲ့ မြန်မာဆိုင်တွေကို ကျေးဇူးတင်ကြောင်း ပြောပါသည်။

ပထမဆုံး ပရိသတ်ရှေ့ထွက်လာသူက မခိုင်ပါ။ သူက အနက်ရောင်ဝတ်စုံ၊ အနက်ရောင် ပဝါ၊ လက်အိတ်ရှည်နှင့် နီညိုရောင် Shoes လေး ဆင်ယင်ထားသည်။ *ဘီလူးခေါင်းနှင့် မင်းသားလေး၊ မမေ့နဲ့နော်၊ အချစ်ဆိုသည်မှာ၊ လာမယ့်နှစ်မှာ ရည်းစားထားမယ်* တို့ကို ဆက်တိုက် သီဆိုပေးသည်။ မခိုင်နှင့်အတူ ပရိသတ်က သီချင်းတွေ လိုက်ဆိုနိုင်ကြသည်။ ပထမပိုင်းရဲ့ နောက်ဆုံးတစ်ပုဒ်အဖြစ် *သေခန်းပြတ်ပဲ သူငယ်ချင်း* ပါလို့ ကြေညာတော့ ပရိသတ်ထံမှ ဟေးခနဲ အသံထွက်လာသည်။ မခိုင်က 'ခံစားမှုတွေ တိုက်ဆိုင်နေတယ် ထင်တယ်' ဟု မေးလိုက်ပါသေးသည်။

ကိုစိုးသူရဲ့ ပထမပိုင်းအစီအစဉ်မှာ *စွဲမိစွဲရာ၊ လွမ်းရတဲ့ အဖြစ်ကလေးတွေ၊ ကြည်ဖြူပါမေရယ်* တို့ကို သီဆိုပါသည်။ သူကလည်း Mood အပြည့်နှင့် အိုက်တင်တွေလုပ်၊ သီချင်းဆိုနေတုန်း ဆုတော်ငွေချဖို့ စာအိတ်ကလေးနှင့် ဘေးမှာ ရပ်နေသည့်သူကို မမြင်ပေ။ ပရိသတ်က သဘောတကျရယ်မှပဲ ဘေးကို လှည့်ကြည့်မိရာ ကိုစိုးသူက 'ရုပ်ရှင်ထဲက Pose တွေလေ' လို့ ပြောလိုက်တော့ တဝါးဝါး၊ တဟားဟားနှင့် ဖြစ်ကုန်တော့သည်။ *သူသိပါစေ*သီချင်းကိုတော့ မခိုင်က ဝိုင်းဆိုပေးသည်။ ကိုစိုးသူက ဂျင်းဘောင်းဘီနက်ပြာရင့်၊ အနက်ရောင် ပြောင်ပေါ်မှာ အနီရောင်ခပ် ပါးပါးစွက်ထားတဲ့ တီရှပ်၊ အနက်ရောင်ဂျက်ကက်တို့ ဝတ်ဆင်ထားသည်။ မခိုင်က မိုးပြာရောင် ပိုးသား ဝတ်စုံလေးဖြင့် လှပနေသည်။ *ကြေပါတော့၊ အဖြူရောင် Rock & Roll*တို့ ဆက်လက်သီဆိုရာ ပရိသတ်၏ အားပေးမှုက အံ့သြစရာ ထုနှင့်ထည်နှင့် ဖြစ်သည်။

မခိုင် ဒုတိယပိုင်း အစီအစဉ်မှာ *ကိုယ်တို့ဝေးနေ မိုင်ပေါင်းကုဋေ* ကို မဆိုခင် 'မြန်မာပြည်မှာ ဒီသီချင်းကိုဆိုရင် ကိုညီထွဋ်က အတူဆိုပေးပါတယ်။ ကျွန်မ ဒီကို ရောက်နေတယ်။ ဒီသီချင်းကိုဆိုမယ်ဆိုတာ သူ့ကို လှမ်းပြောဖြစ်ပါတယ်။ ဒီတော့ သူက နယူးရော့ခ်က ပရိသတ်ကြီးကို သတိတရ လှမ်းနှုတ်ဆက်လိုက်ပါတယ်တဲ့' ဆိုကာ အသံသွင်းထားတဲ့ ကိုညီထွဋ်၏ နှုတ်ဆက်စကားကို ဖွင့်ပြပါသည်။ ဇော်ဝင်းထွဋ်က နယူးရော့ခ်မှာ လာရောက်သီဆိုခဲ့ဖူးကြောင်း၊ နယူးရော့ခ် ပရိသတ်ကြီးကိုသတိရကြောင်း၊ သူ နောက်တစ်ခါ ပြန်လာချင်သေးကြောင်း၊ မကြာခင်မှာ ပြန်လာပြီး သီချင်းတွေဆိုပြဦးမည့်အကြောင်းနဲ့ နယူးရော့ခ်ပရိသတ်ကြီး ကျန်းမာချမ်းသာပါစေဟု ဆုတောင်းပေးလေသည်။

*မိုင်ပေါင်းကုဋေ* ပြီးတော့ 'ကျွန်မက မချစ်ရင်မနေနိုင်ဘူးရှင်' ဟု ပြောကာ *မချစ်ရင် မနေနိုင်တာကလွဲလို့၊ မောင်မောင်မငိုဘူးရှင့်ကျက်ဖြီ၊ သွားမယ် Hollywood* တို့ သီဆိုသည်။ မခိုင်အလှည့်ပြီးတော့ အားလပ်ချိန် နာရီဝက်ပေးသည်။ အပြင်ဘက်မှာ မြန်မာအစားအစာများ၊ လက်မှုပစ္စည်းများ ရောင်းချသည့် ဆိုင်တွေမှာလည်း လူတွေ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသည်။ အားလူကြော်ကဲ့သို့သော Snackနှင့် ရေရောင်းသည့် ဆိုင်လည်းရှိသည်။ ပန်းစည်းရောင်းသည့် ဆိုင်တော့ မထားပေ။ စင်မြင့်ရှေ့မှာ တစ်ဖက်ထောင့် တစ်ခုစီ၌ ဆုတော်ငွေ ပေးချင်သူတွေအတွက် စာအိတ်ကလေးတွေ အဆင်သင့်ကိုင်စောင့်ပေးကြသေးသည်။

အားလပ်ချိန်အပြီးမှာ တက်သစ်စ Rapperလေး Rich Kyawနှင့် Victor တို့ကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ Rich Kyaw က Virginia ပြည်နယ်မှဖြစ်ကာ ဝါသနာပါလွန်း၍ မကြာခင်တေးအယ်လ်ဘမ်များ ဖြန့်ချိဖို့အထိ အစီအစဉ် ရှိနေသူပါ။ ရစ်ချက်ရဲ့ ချစ်စဖွယ် မျက်နှာချိုချိုလေးကြောင့် ပရိသတ်ရဲ့ လက်ခုပ်သံကို အပြည့်အဝ ပိုင်ဆိုင်သွားသည်။

တတိယပိုင်းအစီအစဉ်မှာ မခိုင်က အနက်ရောင်ပေါ်မှာ စီးကွင့်စ်တွေနှင့် ပန်းကနုတ်ဖော်ထားသည့် ကုတ်အင်္ကျီအရှည်ကြီး ဝတ်ဆင်လာသည်။ *မိုးလေးဖွဲတုန်း* သီချင်းကို မျိုးကျော့မြိုင်အစား ဒေါက်တာဇံမရက ဝိုင်းဆိုပေးသည်။ *ချစ်ချင်းကို မခွဲပါနဲ့* အပါအဝင် သီချင်း ၄ ပုဒ်ဆိုရာ၊ *မင်းမရှိတော့* မှာ ဘရိတ်ကီအစား ရစ်ချက်ဒ်က သီဆိုသည်။ ကိုစိုးသူက နောက်တစ်ခါ ထွက်လာတော့ အနီရဲရဲ တီရှပ်ပေါ်မှာ အဖြူရောင်ကုတ်အင်္ကျီလေးနှင့် ဦးထုပ်အဖြူလေးလည်း ဆောင်းလာသည်။ အမျိုးသမီးပရိသတ်တွေရဲ့ အသံတွေရုံကြီးတစ်ခုလုံး ဖုံးလွှမ်းလွင့်တက် သွားမလားထင်ရအောင် အားပေးကြသည်။ *မင်းလေးကြောင့်* ဆိုတဲ့ သီချင်းအပြီး၊ ဦးထုပ်အဖြူကလေး ချွတ်ကာ ပရိသတ်ကို ဦးညွှတ်နှုတ်ဆက်နေတဲ့ ကိုစိုးသူလည်းတော်တော်နှင့် ဦးခေါင်း ပြန်မော့မလာသလို၊ သူ့ ပရိသတ်က မရပ်မနားအော်နေကြတာ စင်ရှေ့တည့်တည့်က ကျွန်မ မော့ကြည့်ရင်း ပရိသတ်နှင့် စိုးသူကြားက ခံစားချက်တွေကို နားလည်နေမိပါသည်။

ပရိသတ်က သီချင်းတစ်ပုဒ်ပြီးလို့ တာဝန်ကျေ လက်ခုပ် တီးတာမျိုး မဟုတ်ပေ။ ကိုစိုးသူ မြန်မာပြည်မှာဆိုခဲ့သည့် *ရာသက်ပန်၊ ကြိုပါကွယ်၊ ကိုယ့်ရဲ့ ဘုရင်မ၊ စိတ်ချထား၊ အချစ်ရိပ်အောက်ဝယ်* သီချင်းတွေကို နာမည့်တပ်ပြီးတော့ကို တောင်းဆိုနေကြသည်။ စင်မြင့်ပွဲတွေ မကြာခဏမဆိုဖြစ်ဘဲ ပရိသတ်နဲ့ အဆက်ပြတ်သလို ဝေးကွာနေပေမယ့် ပရိသတ်က သူ့ကို မမေ့နိုင်သေးဘူးဆိုတာ ဒီအသံတွေက ခိုင်မာတဲ့ သက်သေတွေပါပဲ။ ပြီးတော့ *ဖက်ထားလိုက်၊ ချစ်ပန်းလေး၊ ရှုးတော့မယ်နော်* စတဲ့ သီချင်း ၆ ပုဒ်လောက် သီဆိုသည်။ ကိုစိုးသူက သီချင်းဆိုရင်း ပရိသတ်ကြားထဲကိုပါဆင်းရင်း ဓာတ်ပုံအရိုက်ခံပေးသည်။

မခိုင်ရဲ့ ဒီတစ်ခါဝတ်စုံက အဖြူနှင့် အနက်ကျား ကိုယ်ကျပ်ဝတ်စုံလေးကို ဘောင်းဘီအနက်၊ လယ်သာလည်ရှည် Boots နှင့် ဆွယ်တာအနက်ကလေး ဝတ်ထားသည်။ *ဒါဟာအချစ်လား၊ ရည်းစားဦး၊ အချစ်များ သူ့ဆီမှာ၊ နှစ်ယောက်မရှိဘူး၊ ဘာတွေဖြစ်ဦးမလဲ၊ နားဆင်တော့ကွယ်* တို့ အများကြီးသီဆိုပေးပေမယ့် ပရိသတ်ကလည်း အားမရနိုင်သေးသလို မခိုင်ကလည်း မခွဲချင်သေးဘူး ဖြစ်နေကြသည်။ ပွဲချိန်ကလည်း သတ်မှတ်ထားတာထက် ကျော်လွန်နေပါပြီ။ ပရိသတ်က ထပ်ပြန်တလဲလဲ တောင်းဆိုဆဲမို့ *ကိုကိုရွှေရှုးပြီ* ကို ဆိုပေးသည်။ နယူးရော့ခ် ပရိသတ်တွေက ကိုစိုးသူနှင့် မခိုင်နှစ်ယောက်စလုံးကို ဆုတော်ငွေတွေ တဖွဲဖွဲပေးအပ်နေသည့်ကြား တစ်စုံတစ်ယောက်က မခိုင်အား



ဒေါ်လာတစ်ထောင်တောင် ချီးမြှင့်သွားပါသေးသည်။ (ကျွန်မတို့ NY မှာ သူဌေးတွေ အများကြီးပါ။)

နယူးရော့ခ်ပရိသတ်က ဒီလောက်နဲ့တော့ ဘယ်ရလိမ့်မလဲ။ လုံးဝ ထမပြန်ကြသေးပေ။ မခိုင်က ကျွန်မဖြင့် လူမှဝင်ကြပါ့မလား စိတ်ပူနေတာ၊ ရုံအပြည့်ပဲဟု ကျေနပ်ကြည်နူးစွာ ပြောပါသေးသည်။ တချို့ဆို လက်မှတ်ဝယ်ပြီး ထိုင်ခုံမှာ တခြားလူတွေဝင်ထိုင်နေလို့ ထိုင်ခုံမရှိတာကြောင့် ခန်းမဘေး စင်ရှေ့မှာ ခုံထိုးထိုင်ခိုင်းရသည်။ ပွဲလာသည့် ပရိသတ်ထဲမှာဓိမ်မရှိဆုံးက ကျွန်မနှင့် Pro 9 Group ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး အဖွဲ့ပေါ့။ ကိုစိုးသူနှင့် မခိုင် သီဆိုနေဆဲ စင်ရှေ့က ကော်ဇောပေါ်မှာ ဒူးထောက်နေလိုက်၊ သူများခြေနင်းဖတ်မှာ ဖင်ချထိုင်နေလိုက်နှင့် ဓာတ်ပုံရိုက်ဖို့ ဒုက္ခခံနေရတာပါ။ ဦးဝင်းငြိမ်းဆီမှ စာမူခ ဒေါ်လာနှင့် ပေးမည်ဟု ကမ်းလှမ်းလာရင် ဒီတစ်ခါ လက်ခံလိုက်တော့မည်ဟု စဉ်းစားထားပါရဲ့။

ည ၁၀ နာရီ ၄၅ မိနစ်လောက်မှာ စင်မြင့်ပေါ်က တီးဝိုင်းအဖွဲ့တွေ လိုက်ကာနောက် ဝင်သွားကြပါပြီ။ ပရိသတ်ကမပြန်ဘဲ တင်းခံနေတော့ မခိုင်က အချိန်လည်း ကြည့်ကြပါဦးတဲ့။ ဒါလည်းမရတော့ ကဲ ကဲ၊ ဒီလို လုပ်ရအောင်။ တီးဝိုင်းက တီးပေးမယ့်သူလည်း မရှိတော့ဘူး။ ပရိသတ်ကြီးနဲ့ ကျွန်မ တီးဝိုင်းမပါဘဲ သီချင်းတစ်ပုဒ် အတူတူ ဆိုကြမယ်။ ကျေနပ်တော့နော်ဟု ချော့မော့ကာ *နားဆင်တော့ကွယ်* ကို တပျော်တပါး သံပြိုင်ဝိုင်း၍သီဆိုခဲ့ကြသည်။

အလွန်အောင်မြင်သည့် ပွဲတစ်ပွဲပါပဲ။ ကြော်ငြာထားတဲ့ ယုဇနကတော့ ဩစတြေးလျက သံရုံးမှာ ဗီဇာသွားလျှောက်ထားပေမယ့် ၂၃ နေ့အထိ အကြောင်းမထူးခဲ့ပါ။ ပွဲအမီ ရောက်လာနိုင်ပါစေ ဆုတောင်းနှင့် နယူးရော့ခ်နှင့် ယုဇနတို့ တယ်လီဖုန်း တဂွမ်ဂွမ်ဆက်ကာ သတင်းနားစွင့်ခဲ့ကြပေမယ့် ၂၃ ရက်နေ့မှာတော့ လက်လျှော့လိုက်ရကြောင်း မမေသီက ကြေညာပေးခဲ့ပါသည်။ ယခု ဂီတဖျော်ဖြေပွဲမှ ရရှိလာမည့် အကျိုးအမြတ်တွေကို မြန်မာပြည် နာဂစ်ဒုက္ခသည်တွေ လိုအပ်ချက်အတွက် ရန်ပုံငွေလှူဒါန်းဖို့ စီစဉ်ထားသေးကြောင်း သိရသည်။

ကျွန်မတို့ဆီကို မကြာခင် Lazy Club တေးဂီတအဖွဲ့ လာမည်ဟုလည်း သတင်းတွေ ကြားနေရပါသည်။ လာဖြစ်ခဲ့ရင် ကျွန်မ ရှေ့ဆုံးတန်းက ပွဲသွားကြည့်ကာ စာဖတ်ပရိသတ်ကြီးကို အမြန်ဆုံး ကိုယ်တွေ့သတင်းပို့ပေးဦးမှာပါ။ နယူးရော့ခ်မှာ ပွဲဖြစ်မြောက်ဖို့ကတော့ Kha & Mra တို့ တာဝန်ပဲပေါ့။

■

**ရီတာအောင် (NY)**